# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး
# ၁၁ ရက်မြောက်နေ့ အစီအစဉ်
# [ ၃၀- ၁ - ၂၀၁၃ ]
# ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား အငြိမ်းစားလစာ တစ်လုံးတစ်ခဲတည်း တွက်ချက်ထုတ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **သံလျင်မြို့နယ်၊ ဖားကူးအနောက်ကျေးရွာရှိ လယ်မြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်နှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းများ ပြန်လည်တူးဖော်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီက ကော်မတီ၏ အစီရင်ခံစာ(၁/၂၀၁၃)ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာ(၁/၂၀၁၃)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **မြို့နယ် အသီးသီးရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးများကို အစိုးရဌာနဆိုင်ရာများ၏ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ပြည်သူများအတွက် သတင်းအချက်အလက် စုံစမ်းရေး ဌာနများ(Public Information Center)အဖြစ် ထူထောင်ပေးသွားရန်** ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်း နှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

(ခ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

(ဂ) ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

(ဃ) ဦးတင်မြ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

(င) ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(စ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

(ဆ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

(ဇ) ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

၉။ ဦးကျော်ဒင်(ခ)ဦးထေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) ၏ **နိုင်ငံတော်တွင် ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဖွင့်လှစ်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၀။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၂ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။